“ယဟူဒီများနှင့် နတ်စ်ွရာနီများအပေါ်

အလ္လာဟ်အရှင်မြတ်၏ လအ်နသ်ကျရောက်ပါစေ၊ ၎င်းတို့သည်မိမိတို့၏ နဗီတမန်တော်များ၏ ကဗရ်သင်္ချိုင်းများကိုစဂျ်ဒဟ်ဦးချရာနေရာများ အဖြစ် ပြုလုပ်ခဲ့ကြသည်”

မုအ်မင်န်တို့၏မိခင်ကြီး အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ) ကဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်
မိမိကွယ်လွန်ခါနီး နာမကျန်းဖြစ်စဉ်တွင် (ဤသို့)မိန့်ကြားတော်မူခဲ့သည်-
“ယဟူဒီများနှင့် နတ်စ်ွရာနီများအပေါ် အလ္လာဟ်အရှင်မြတ်၏ လအ်နသ်ကျရောက်ပါစေ၊
၎င်းတို့သည် မိမိတို့၏ နဗီတမန်တော်များ၏ ကဗရ်သင်္ချိုင်းများကို
စဂျ်ဒဟ်ဦးချရာနေရာများ အဖြစ် ပြုလုပ်ခဲ့ကြသည်”။ သခင်မက
ဆက်လက်မိန့်ကြားခဲ့သည်မှာ - အကယ်၍ ထိုသို့ သတိ‌ပေးတားမြစ်ခြင်းသာ မရှိခဲ့လျှင် (လူတို့သည်) တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ကဗရ်ကိုလည်း
ပေါ်လွင်ထင်ရှားစွာ ပြုလုပ်ထားကြလိမ့်မည်ဖြစ်သည်။သို့ရာတွင်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ကဗရ်အား စဂျ်ဒဟ်ဦးချရာနေရာ အဖြစ်
ပြုလုပ်ကြမည်ကို စိုးရိမ်ခဲ့သည့်အတွက် (ပေါ်လွင်ထင်ရှားစွာ မပြုလုပ်ခဲ့ခြင်းဖြစ်သည်။)
[صحيح] [متفق عليه]

မုအ်မင်န်တို့၏မိခင်ကြီး အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ) ကဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် မိမိကွယ်လွန်ခါနီးအပြင်းအထန်နာမကျန်းဖြစ်စဉ်တွင် (ဤသို့)မိန့်ကြားတော်မူခဲ့သည်- ယဟူဒီများနှင့်နတ်စ်ွရာနီများအပေါ် အလ္လာဟ်အရှင်မြတ်၏ လအ်နသ်ကျရောက်တော်မူပါစေ၊ မိမိ၏ရဟ်မသ်ကရုဏာတော်မှ ၎င်းတို့အား ကင်းဝေးစေတော်မူပါစေ။ အကြောင်းမှာ ၎င်းတို့သည်မိမိတို့၏ နဗီတမန်တော်များ၏ ကဗရ်သင်္ချိုင်းများကို စဂျ်ဒဟ်ဦးချရာနေရာများ အဖြစ်ပြုလုပ်ခဲ့ကြသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ထိုကဗရ်များအပေါ်၌အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ သို့မဟုတ် ၎င်းကဗရ်များအနီးတွင် ဖြစ်စေ၊ သို့မဟုတ်၎င်းကဗရ်များဘက်သို့ မျက်နှာမူ၍ ဆွလာသ်ဝတ်ပြုခြင်းတို့ ပြုလုပ်ခြင်းအားဖြင့်ကဗရ်သင်္ချိုင်းများကို စဂျ်ဒဟ်ဦးချရာနေရာများအဖြစ် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ထို့နောက် အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ) က ဆက်လက်ပြောကြားခဲ့သည်မှာ- အကယ်၍တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ထိုတားမြစ်ချက်နှင့် သတိပေးချက်မရှိခဲ့လျှင်၊ ထို့ပြင် စွဟာဗဟ်သာဝကများသည် ကိုယ်တော်မြတ်၏ ကဗရ်သင်္ချိုင်းအားယဟူဒီများနှင့် နတ်စ်ွရာနီများက မိမိတို့၏ တမန်တော်များ၏ ကဗရ်သင်္ချိုင်းများကိုပြုလုပ်ခဲ့သလို ပြုလုပ်ခြင်းခံရမည်ကို စိုးရိမ်ခြင်း မရှိခဲ့လျှင်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ကဗရ်ကိုလည်း ပေါ်လွင်ထင်ရှားစွာပြုလုပ်ထားကြလိမ့်မည်ဖြစ်သည်။


النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee